# လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဝန်ကြီးဌာန
# ကျေးလက်ကြီးပွားရေးဌာနခွဲ (၁)

ရန်ကုန်မြို့၊ ၁၃၁၈ ခု၊ နတ်တော်လဆန်း ၄ ရက်။
(၁၉၅၆ ခု၊ ဒီဇင်ဘာလ ၆ ရက်။)

အမှတ် ၃၅၁ ။ ။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၏ ပုဒ်မ ၅၀ ဖြင့် အပ်နှင်းထားသည့် အာဏာများကိုသုံးစွဲလျက်၊ နိုင်ငံတော်သမ္မတသည်၊ ၁၉၅၄ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးနည်းဥပဒေများ* တွင် အောက်ပါပြင်ဆင်ချက်များကို ပြုလိုက်သည်။

၁။ ။ အဆိုပါနည်းဥပဒေများ၏ နည်းဥပဒေ ၅၃တွင် အောက်ပါခြွင်းချက်ကို ထည့်သွင်းရမည်။

"ခြွင်းချက် ။ ။ သို့ရာတွင် လက်ငုတ်သီးစားတစ်ဦးသည်၊ ထိုသို့သတ်မှတ်ထားသည့်ကာလအပိုင်းအခြားအတွင်း မြေရလိုကြောင်းလျှောက်လွှာကို မတင်သွင်းနိုင်သော်လည်း၊ ကျေးရွာမြေယာကော်မတီက၊ သို့တည်း မဟုတ် ရပ်ကွက်မြေယာကော်မတီက၊ နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (၃)အရ၊ တတိုးထွန်၏အတိုင်းအတာကို သတ်မှတ်ရန် ချိန်းဆိုသည့် အစည်းအဝေးကျင်းပမည့်နေ့ရက်မတိုင်မီ တင်သွင်းလျှင်၊ ထိုသို့ နောက်ကျ၍တင်သွင်းခြင်းအတွက် လုံလောက်သော အကြောင်း ရှိသည်ဟု၊ ကျေးရွာမြေယာကော်မတီက၊ သို့တည်း မဟုတ် ရပ်ကွက်မြေယာကော်မတီက ယူဆခဲ့သော်၊ ထိုလက်ငုတ်သီးစား၏ လျှောက်လွှာကို လက်ခံစဉ်းစားရမည်။"

၂။ ။ အဆိုပါနည်းဥပဒေများ၏ နည်းဥပဒေ ၆၃၏ဥပမာတွင် "ကွင်းတစ်ကွင်း" ဆိုသည့် စကားရပ်အစား "ကျေးရွာတစ်ရွာ"ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာ (၂၉) ရက်၊ စာမျက်နှာ - ၂၀၇၉။

၃။ ။ အဆိုပါနည်းဥပဒေများ၏ နည်းဥပဒေ ၇၈အစား၊ အောက်ပါကို ထည့်သွင်းရမည်။

"၇၈ ။ ။ ကျေးရွာမြေယာကော်မတီက၊ သို့တည်းမဟုတ် ရပ်ကွက်မြေယာကော်မတီက ချမှတ်သောအောက်ဖော်ပြပါအမိန့်များသည်၊ တစ်ဦးတစ်ယောက်သောသူ၏ဆိုင်ရာဆိုင်ခွင့်ကိုသော်လည်းကောင်း၊ အကျိုးခံစားခွင့်ကိုသော်လည်းကောင်း၊ အခွင့်အရေးကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထိခိုက်နစ်နာစေလျှင်၊ ထိုသူမှာ၊ အဆိုပါအမိန့်ချမှတ်သော နေ့ရက်မှ ၇ ရက်အတွင်း သက်ဆိုင်ရာခရိုင်မြေယာကော်မတီသို့ အဆိုပါအမိန့်များကို အယူခံဝင်နိုင်ခွင့်ရှိစေရမည်။

(က) နည်းဥပဒေ ၄၈ (၂)အရ၊ ကင်းလွတ်ခွင့်လျှောက်လွှာနှင့်စပ်လျဉ်း၍ ချမှတ်သောအမိန့်။

(ခ) နည်းဥပဒေ ၅၅ (၂)အရ၊ လယ်ယာမြေရလိုကြောင်း လျှောက်လွှာနှင့် စပ်လျဉ်း၍ချမှတ်သောအမိန့်။"

၄။ ။ အဆိုပါနည်းဥပဒေများ၏ နည်းဥပဒေ ၇၉၊ နည်းဥပဒေခွဲ (၂)နောက်တွင် အောက်ပါကို၊ နည်းဥပဒေခွဲ (၃)အဖြစ် ထည့်သွင်းရမည်။

" (၃)ခရိုင်မြေယာကော်မတီသည်၊ လိုအပ်သည်ဟုထင်မြင်ယူဆလျှင်၊ ကျေးရွာမြေယာကော်မတီက၊ သို့တည်းမဟုတ် ရပ်ကွက်မြေယာကော်မတီက လယ်ယာမြေကို ကင်းလွတ်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍၊ အမိန့်ချမှတ်ထားသောအမှုတွဲကိုဖြစ်စေ၊ လယ်ယာမြေဝေငှခြင်းနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ထားသော အမှုတွဲကိုဖြစ်စေ၊ မည်သည့်အခါမဆို တောင်းယူ၍၊ စစ်ဆေးကြည့်ရှုပြီးနောက်၊ အဆိုပါအမိန့်ကို၊ အတည်ပြုနိုင်သည်၊ သို့တည်းမဟုတ် ပြင်ဆင်နိုင်သည်၊ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။"

၅။ ။ အဆိုပါနည်းဥပဒေများ၏ နည်းဥပဒေ ၈၀တွင် —

(က) နည်းဥပဒေခွဲ (၁)၊ အပိုဒ် (ခ) နောက်တွင် အောက်ပါကိုအပိုဒ် (ဂ) အဖြစ် ထည့်သွင်းရမည်။

"(ဂ) "နည်းဥပဒေ ၇၉(၃)အရ၊ခရိုင်မြေယာကော်မတီကချမှတ်သောအမိန့်။"

(ခ) နည်းဥပဒေခွဲ (၇)အစား၊ အောက်ပါကို၊ နည်းဥပဒေခွဲ (၇) အဖြစ် ထည့်သွင်းရမည်။

"(၇) အယူခံခုံရုံးသည်၊ လိုအပ်သည်ဟုယူဆလျှင်၊ အယူခံတရားလိုနှင့် အယူခံတရားခံအား အယူခံမှုကို၊ မည်သည့်နေ့ရက် နေရာနှင့်အချိန်တွင် ကြားနာစစ်ဆေးမည့်အကြောင်း စာဖြင့်ရေးသား၍ အကြောင်းကြားရမည်။ ထိုသို့အကြောင်းကြားသည့်အခါ၊ အယူခံတရားလိုက၊ သို့တည်းမဟုတ် ၎င်း၏အာဏာလွှဲအပ်ခြင်းခံရသူက ဖြစ်စေ၊ အယူခံတရားခံက၊ သို့တည်းမဟုတ် ၎င်း၏အာဏာလွှဲအပ်ခြင်းခံရသူက ဖြစ်စေ၊ ကြားနာစစ်ဆေးရန်ချိန်းဆိုသည့်နေ့ရက်တွင်၊ အယူခံခုံရုံးသို့ လူကိုယ်တိုင်လာရောက်လျှောက်လဲလိုက လာရောက်နိုင်ရန် အချိန်ပေးရမည်။ ထိုအကြောင်းကြားစာနှင့်အတူ အယူခံလျှောက်လွှာမိတ္တူကို အယူခံတရားခံထံ ပေးပို့ရမည်။"

၆။ ။ အဆိုပါနည်းဥပဒေများ၏ နည်းဥပဒေ ၉၆(၂)တွင်၊ "သံသယတစုံတရာရှိလျှင်" ဆိုသည့်စကားရပ်နောက်၌ အောက်ပါကို ထည့်သွင်းရမည်။

"ကျသင့်သောလျော်ကြေးငွေစုစုပေါင်းသည်၊ ကျပ်ငါးထောင်ထက် မပိုသည့်ကိစ္စတွင်၊ လျော်ကြေးအရာရှိချုပ်သည်၊ သို့တည်းမဟုတ် ခရိုင်လျော်ကြေးအရာရှိသည်၊ ထိုသံသယနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးပြီးနောက်၊ သံသယပပျောက်လျှင်၊ လျော်ကြေးငွေကို၊ သိမ်းယူသောလယ်ယာမြေ၏တန်ဘိုးအပေါ်မူတည်၍၊ ခံဝန်သူတစ်ဦးဖြစ်စေ၊ ခံဝန်သူနှစ်ဦးဖြစ်စေ၊ ပါဝင်သည့်လျော်ကြေးခံဝန်ချုပ် (indemnity bond) ကို ချုပ်ဆိုစေပြီး ထုတ်ပေးရမည်။ သံသယမပပျောက်လျှင်၊ သို့တည်းမဟုတ် ကျသင့်သောလျော်ကြေးငွေစုစုပေါင်းသည်၊ ကျပ်ငါးထောင်ထက်ပိုသည့်ကိစ္စတွင်၊ လျော်ကြေးအရာရှိချုပ်သည်၊ သို့တည်းမဟုတ် ခရိုင်လျော်ကြေးအရာရှိသည်"

၇။ ။ အဆိုပါနည်းဥပဒေများ၏ အခန်း ၉ နောက်တွင် အောက်ပါတို့ကို အခန်း ၁၀၊ အခန်း ၁၁ နှင့် အခန်း ၁၂အဖြစ် ထည့်သွင်းရမည်။

# "အခန်း ၁၀။
# ကင်းလွတ်ခွင့်ပေးသည့်လယ်ယာမြေနှင့်ဝေငှသည့်လယ်ယာမြေ အပေါ်တွင် ရရှိသောအခွင့်အရေးများကို ခံစားခွင့်ပြုခြင်း။
## အပိုင်း ၁။
## ကင်းလွတ်ခွင့်ပေးသည့်လယ်ယာမြေများ။

*လျှောက်လွှာတင်သွင်းခြင်း။*

၁၃၂ ။ ။ အက်ဥပဒေအရ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေကို ပိုင်ဆိုင်သူသည်၊ ထိုလယ်ယာမြေနှင့်စပ်လျဉ်း၍၊ အက်ဥပဒေ၏ပုဒ်မ ၉၊ ပုဒ်မခွဲ (၁)၊အပိုဒ် (ခ)နှင့် (ဂ)တို့တွင်၊ သီးခြားဖော်ပြထားသောအခွင့်အရေးတစ်ခုခုကို၊ ခံစားလိုလျှင်၊ မည်သည့်အကြောင်းကြောင့်၊ ထိုအခွင့်အရေးကို ခံစားလိုကြောင်း အဆိုပါလယ်ယာမြေနှင့်စပ်လျဉ်း၍ အောက်ပါအချက်များဖော်ပြလျက်၊ ခရိုင်လယ်ဝန်ထံ လျှောက်ထားရမည်။

(က) ခရိုင်၊ မြို့နယ်၊ ကျေးရွာ။

(ခ) ကွင်းအမှတ် နှင့်အမည်။

(ဂ) ဦးပိုင်အမှတ်။

(ဃ) မြေမျိုးကြီးနှင့် ဧရိယာ။

အဆိုပါလျှောက်လွှာနှင့်အတူ၊ လျှောက်ထားခြင်းနှင့်သက်ဆိုင်သော လယ်ယာမြေအတွက် မှန်ကန်ကြောင်းသက်ဆိုင်ရာဌာနက သက်သေခံလက်မှတ်ရေးထိုးသောမြေပုံနှစ်ခုကို ပူးတွဲ၍ တင်သွင်း ရမည်။

*စုံစမ်းစစ်ဆေးခြင်း။*

၁၃၃။ ။ ခရိုင်လယ်ဝန်သည်၊ အဆိုပါလျှောက်လွှာကိုရရှိသောအခါ၊ အမှုတွဲဖွင့်၍၊ လျှောက်ထားခြင်းနှင့် သက်ဆိုင်သောလယ်ယာမြေသည် အက်ဥပဒေအရ ကင်းလွတ်ခွင့်ပေးထားသည့် လယ်ယာမြေဖြစ်ကြောင်းမှန်သည်၊ မမှန်သည်စစ်ဆေး၍၊ မှန်ကန်ကြောင်းတွေ့ရှိလျှင်၊ မည်သည့်အခွင့်အရေးကို မည်သည့်အကြောင်းကြောင့် လျှောက်ထားသူခံစားလိုကြောင်း စုံစမ်းစစ်ဆေးရမည်။

၁၃၄။ ။ ခံစားလိုသောအခွင့်အရေးသည်၊ အက်ဥပဒေအရ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေအားလုံးကို၊ သို့တည်းမဟုတ် အစိတ်အပိုင်းကို၊ တောင်သူ လယ်သမားအဖွဲ့အစည်း တစ်ခုခုအား ရောင်းချခြင်း၊ သို့တည်းမဟုတ် အပိုင်ပေးခြင်းကိုပြုလုပ်နိုင် ခွင့်ဖြစ်လျှင်၊ နိုင်ငံတော်

သမ္မတက၊ အခါအားလျော်စွာထုတ်ဆင့်သော ညွှန်ကြားချက်များအရ၊ လုံလောက်သော အကြောင်းရှိသည်၊ မရှိသည်ကို၊ ခရိုင်လယ်ဝန်က သင့်တော်သည်ထင်မြင်သည့်အတိုင်း ထောက်ခံချက်ရေးသား၍ အမှုတွဲကို အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (၁)၏ ပဋ္ဌမခြွင်းချက် အရ ခန့်အပ်သော အာဏာပိုင်ထံသို့ပေးပို့ရမည်။

၁၃၅။ ။ (၁) ခံစားလိုသောအခွင့်အရေးသည်၊ အက်ဥပဒေအရ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေအားလုံးကို၊ သို့တည်းမဟုတ် အစိတ်အပိုင်းကို၊ တောင်သူလယ်သမားတစ်ဦးဦးအား၊ ရောင်းချခြင်း၊ သို့တည်းမဟုတ် အပိုင်ပေးခြင်းကို ပြုလုပ်နိုင်ခွင့် ဖြစ်လျှင်၊ ခရိုင်လယ်ဝန်သည်၊ အောက်ပါအချက်များနှင့်စပ်လျဉ်း၍စုံစမ်းစစ်ဆေးရမည်။

(က) အဆိုပါလယ်ယာမြေကို၊ မည်သည့်အကြောင်းကြောင့် ရောင်းချလိုခြင်း၊ သို့တည်းမဟုတ် အပိုင်ပေးလိုခြင်း။

(ခ) အဆိုပါလယ်ယာမြေကို လွှဲပြောင်းခြင်းခံရမည့်တောင်သူလယ်သမားသည်၊ လက်ရှိလယ်ယာမြေနှင့် လွှဲပြောင်းရရှိမည့်လယ်ယာမြေကို၊ အက်ဥပဒေ၏ ပုဒ်မ ၃၊ အပိုဒ် (ဂ)တွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း လုပ်ကိုင်နိုင်သော အင်အားရှိသည်၊ မရှိသည်။ ထို့ပြင် ထိုလယ်ယာမြေ များသည်၊ နိုင်ငံတော်သမ္မတက၊ အခါအားလျော်စွာ ထုတ်ဆင့်သော ညွှန်ကြားချက်တွင် ဖော်ပြထားသည့် ဧရိယာထက်များသည်၊ မများသည်။

(ဂ) အဆိုပါလယ်ယာမြေကို၊ လွှဲပြောင်းခြင်းခံရမည့်သူသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သည်၊ မဖြစ်သည်။

(၂) ခံစားလိုသောအခွင့်အရေးသည်၊ အက်ဥပဒေအရ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေအားလုံးကို၊ သို့တည်းမဟုတ် အစိတ်အပိုင်းကို၊ အက်ဥပဒေ၏ ပုဒ်မ၃၊ အပိုဒ် (ဂ)တွင် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း လုပ်ကိုင်ပါမည်ဟု၊ စာဖြင့်ရေးသား၍ ကတိပြုသော၊ တောင်သူလယ်သမားမဟုတ်သူတစ်ဦးဦးအား ရောင်းချခြင်း၊ သို့တည်းမဟုတ် အပိုင်ပေးခြင်းကို ပြုလုပ်နိုင်ခွင့်ဖြစ်လျှင်၊ ခရိုင်လယ်ဝန်သည်၊ အောက်ပါအချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရမည်။

(က) အဆိုပါလယ်ယာမြေကို၊ မည်သည့်အကြောင်းကြောင့် ရောင်းချလိုခြင်း၊ သို့တည်းမဟုတ် အပိုင်ပေးလိုခြင်း။

(ခ) လွှဲပြောင်းခြင်းခံရမည့်သူသည်၊ အဆိုပါလယ်ယာမြေကို၊ အက်ဥပဒေ၏ ပုဒ်မ ၃၊ အပိုဒ် (ဂ)တွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း မိမိ၏

အဓိကအသက်မွေးဝမ်းကျောင်း အဖြစ်ဖြင့် လုပ်ကိုင်နိုင်မည်၊ မလုပ်နိုင်မည်။ ထို့ပြင် ထိုလယ်ယာမြေသည်၊ နိုင်ငံတော်သမ္မတက၊ အခါအားလျော်စွာ ထုတ်ဆင့်သော ညွှန်ကြားချက်တွင် ဖော်ပြထားသည့် ဓနိယာထက်များသည်၊ မများသည်။

(ဂ) အဆိုပါလယ်ယာမြေကို၊ လွှဲပြောင်းခြင်းခံရမည့်သူသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သည်၊ မဖြစ်သည်။

(၃) ခံစားလိုသော အခွင့်အရေးသည်၊ အက်ဥပဒေအရ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေအားလုံးကို၊ သို့တည်းမဟုတ် အစိတ်အပိုင်းကို၊ သာသနာရေး အဆောက်အအုံအား ပေးလှူနိုင်ခွင့်ဖြစ်လျှင်၊ ခရိုင်လယ်ဝန်သည်၊ အောက်ပါအချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရမည်။

(က) အဆိုပါလယ်ယာမြေမှ ရရှိသည့်ဝင်ငွေ ဝတ္ထုပစ္စည်းကို၊ သာသနာရေးကိစ္စသက်သက်အတွက် အမှန်အသုံးပြုမည်၊ မပြုမည်။

(ခ) အဆိုပါသာသနာရေး အဆောက်အအုံသည်၊ ဂေါပကလူကြီးများစီမံအုပ်ချုပ်သော အဆောက်အအုံဖြစ်သည်၊ မဖြစ်သည်။

(၄) ခံစားလိုသော အခွင့်အရေးသည်၊ အက်ဥပဒေအရ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေအားလုံးကို၊ သို့တည်းမဟုတ် အစိတ်အပိုင်းကို၊ သာသနာ့ဝန်ထမ်းသို့ ပေးလှူနိုင်ခွင့်ဖြစ်လျှင်၊ ခရိုင်လယ်ဝန်သည်၊ အောက်ပါအချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရမည်။

(က) အဆိုပါလယ်ယာမြေမှ ရရှိသည့်ဝင်ငွေ ဝတ္ထုပစ္စည်းကို၊ သာသနာရေးကိစ္စသက်သက်အတွက် အမှန်အသုံးပြုမည်၊ မပြုမည်။

(ခ) အဆိုပါသာသနာ့ဝန်ထမ်းသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သည်၊ မဖြစ်သည်။

(၅) ခံစားလိုသော အခွင့်အရေးသည်၊ အက်ဥပဒေအရ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေကို၊ အခြားလယ်ယာမြေနှင့်လဲလှယ်နိုင်ခွင့်ဖြစ်လျှင် ခရိုင်လယ်ဝန်သည်၊ အောက်ပါအချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရမည်။

(က) အဆိုပါလယ်ယာမြေကို မည်သည့်အကြောင်းကြောင့် လဲလှယ်လိုခြင်း။

(ခ) လဲလှယ်လိုသော လယ်ယာမြေကို ပိုင်ဆိုင်သူများက သဘောတူသည်၊ မတူသည်။ ထို့ပြင်အဆိုပါ လယ်ယာမြေသည်၊ နိုင်ငံတော်သမ္မတက၊ အခါအားလျော်စွာ ထုတ်ဆင့်သောညွှန်ကြားချက်တွင် ဖော်ပြထားသည့် ဓနိယာထက်များသည်၊ မများသည်။

(၆) ခံစားလိုသော အခွင့်အရေးသည်၊ အက်ဥပဒေအရ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေကို ခွဲစိတ်နိုင်ခွင့်ဖြစ်လျှင်၊ ခရိုင်လယ်ဝန်သည်၊ အောက်ပါအချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရမည်။

(က) အဆိုပါလယ်ယာမြေကို မည်သည့်အကြောင်းကြောင့် ခွဲစိတ်လိုခြင်း။

(ခ) အဆိုပါလယ်ယာမြေကို ခွဲစိတ်ခြင်းအားဖြင့် တတုံးထွန်၏အတိုင်းအတာ ပျက်စီးရန်အကြောင်းရှိသည်၊ မရှိသည်။

(ဂ) အဆိုပါလယ်ယာမြေကို ခွဲစိတ်ခြင်းအားဖြင့် စိုက်ပျိုးရေးကို ထိခိုက်ရန် အကြောင်းရှိသည်၊ မရှိသည်။

(ဃ) အဆိုပါလယ်ယာမြေကို ခွဲစိတ်ခြင်းမှအပ၊ အခြားနည်းလမ်းဖြင့် ပြဿနာကို ဖြေရှင်းနိုင်ရန် အကြောင်းရှိသည်၊ မရှိသည်။

*အာဏာပိုင်ထံ ထောက်ခံချက်ရေးသားပေးပို့ခြင်း။*

၁၃၆။ ။ ခရိုင်လယ်ဝန်သည်စုံစမ်းစစ်ဆေးပြီးနောက်၊ အဆိုပါလယ်ယာမြေကိုလွှဲပြောင်းရန်၊ သို့တည်းမဟုတ် ခွဲစိတ်ရန်နိုင်ငံတော်သမ္မတက၊ အခါအားလျော်စွာ ထုတ်ဆင့်သော ညွှန်ကြားချက်များအရ၊ လုံလောက်သောအကြောင်းရှိသည်ဟု ယူဆလျှင်၊ ထောက်ခံချက်ရေးသား၍၊ အမှုတွဲကို၊ အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (၁)၏ ပဋ္ဌမခြွင်းချက်အရ ခန့်အပ် သောအာဏာပိုင်ထံသို့ ပေးပို့ရမည်။

*အာဏာပိုင်က အမိန့်ချမှတ်ခြင်း။*

၁၃၇။ ။ (၁) အဆိုပါအာဏာပိုင်သည်၊ ခရိုင်လယ်ဝန်က ပေးပို့သောအမှုတွဲကို ကြည့်ရှုစစ်ဆေး၍၊ နည်းဥပဒေ ၁၃၅၊ နည်းဥပဒေခွဲ (၁)၊ (၂)၊ (၃)၊ (၄) နှင့် (၅) ပါအချက်များနှင့်လည်းကောင်း၊ နိုင်ငံတော်သမ္မတက၊ အခါအားလျော်စွာ ထုတ်ဆင့်သောညွှန်ကြားချက်များနှင့်လည်းကောင်း ညီညွတ်သည်ဟု ယူဆလျှင် အဆိုပါ လယ်ယာမြေကို လွှဲပြောင်းခွင့်ပြုရမည်။ မညီညွတ်ဟုယူဆလျှင်၊ လျှောက်လွှာကို ပယ်ရမည်။

(၂) နည်းဥပဒေ ၁၃၅၊ နည်းဥပဒေခွဲ (၆)အရ စုံစမ်းစစ်ဆေးသည့် အမှုတွဲကို၊ ခရိုင်လယ်ဝန်ထံမှရရှိသောအခါ၊ အဆိုပါအာဏာပိုင်သည်၊ ထိုအမှုတွဲကို ကြည့်ရှုစစ်ဆေး၍၊ လယ်ယာမြေကို ခွဲစိတ်ခြင်းအားဖြင့်၊ လယ်ယာစိုက်ပျိုးရေးကို ထိခိုက်ရန်အကြောင်းမရှိဟုယူဆလျှင်၊ အဆိုပါလယ်ယာမြေကို ခွဲစိတ်ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ခွဲစိတ်ခြင်းအားဖြင့် လယ်ယာစိုက်ပျိုးရေးကိုထိခိုက်ရန်အကြောင်းရှိသည်ဟု ယူဆလျှင်၊ ခွဲစိတ်ခြင်းမှအပ အခြားနည်းလမ်းဖြင့် ထိုခွဲစိတ်လိုသည့်ကိစ္စကို ဖြေရှင်းပေးရမည်၊ သို့တည်းမဟုတ် လျှောက်လွှာကို ပယ်ရမည်။

၁၃၈။ ။ အက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁)၏ ပဋ္ဌမခြွင်းချက်အရ ခန့်အပ်သောအာဏာပိုင်သည်၊ အက်ဥပဒေအရ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေပေါ်တွင်၊ ရရှိနိုင်သည့် အခွင့်အရေးများနှင့်စပ်လျဥ်း၍၊ ဤနည်းဥပဒေများအရ ချမှတ်ထားသော အမိန့်များကို လိုက်နာမှတ်သားစေရန်၊ ခရိုင်လယ်ဝန်ထံသို့ ပေးပို့ရမည်။

၁၃၉။ ။ (၁) အက်ဥပဒေအရ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေနှင့်စပ်လျဥ်း၍၊ အက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၂)တွင် သီးခြားဖော်ပြထားသောအခွင့်အရေးကို ခံစားလိုသူသည်၊ မြေစာရင်းလက်စွဲ ဥပဒေ၏အပိုဒ် ၅၄၅ တွင် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း၊ သက်ဆိုင်ရာမြေတိုင်းစာရေးထံ အမွေဆက်ခံသည့်နေ့မှစ၍ ရက်ပေါင်းခြောက်ဆယ်အတွင်း စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း တိုင်ကြားရမည်။

(၂) မြေတိုင်းစာရေးသည်၊ သက်ဆိုင်သူများက တိုင်ကြားသောအမွေဆက်ခံခြင်းများကို၊ ကျေးရွာအတွင်း၌၊ ကျေးရွာလူကြီးများရှေ့တွင် စစ်ဆေးမေးမြန်းရမည်။ တိုင်ကြားသူသည် အမွေဆက်ခံနိုင်ခွင့်ရှိသည့် တောင်သူလယ်သမားဖြစ်ပါက၊ ၁-က စာရင်းတွင်၊ တိုင်ကြားသူနှင့် အသိသက်သေများ၏လက်မှတ်များကိုယူ၍၊ အမည်ပြောင်းလဲပေးရမည်။ အကယ်၍အမွေစုအဖြစ် လက်ခံရရှိသူသည်၊ တောင်သူလယ်သမားမဟုတ်သူဖြစ်ပါက၊ လယ်ယာမြေကို ပုဒ်မ ၃၊ အပိုဒ် (ဂ)တွင် ပြဋ္ဌာန်းသည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့်အချိန်ကာလအတွင်း လုပ်ကိုင်ပါမည်ဟု စာဖြင့်ရေးသား၍ ကတိပေးရမည်။

(၃) အမွေဆက်ခံခြင်းနှင့်စပ်လျဥ်း၍၊ အငြင်းဖြစ်ပွားနေလျှင်၊ မြေတိုင်းစာရေးသည်၊ ၁-ကစာရင်းတွင် အမည်ပြောင်းလဲခြင်းမပြုဘဲ၊ သက်ဆိုင်ရာတရားမရုံး၏ဆုံးဖြတ်ချက်ကို ရယူရန် အငြင်းပွားသူတို့အား ညွှန်ကြားရမည်။

(၄) ၁-က စာရင်းတွင် မှတ်သားပြီးသော အမည်ပြောင်းလဲခြင်းတစ်ခုခုနှင့်စပ်လျဥ်း၍ တစ်ဦးတစ်ယောက်သောသူက ကန့်ကွက်လျှင်၊ မြေတိုင်းစာရေးသည် မြေစာရင်းလက်စွဲဥပဒေအပိုဒ် ၅၅၀တွင် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း၊ ထိုသူကန့်ကွက်ကြောင်းကို ၁-ကစာရင်း၏ အကြောင်းအရာ ဇယားကွက်၌ 'ကန့်ကွက်ထားသည်' ဟု မှတ်သားထား၍ သက်ဆိုင်ရာတရားမရုံး၏ ဆုံးဖြတ်ချက်ကိုရယူရန် ကန့်ကွက်သူအားညွှန်ကြားရမည်။

(၅) ဤနည်းဥပဒေအရ အမည်ပြောင်းလဲခြင်းများမှန်ကန်သည်၊ မမှန်ကန်သည်ကို၊ မြေစာရင်း အင်စပိတ်တော်က စစ်ဆေးရမည်။ မှန်ကန်သည်ကိုတွေ့ရှိလျှင်၊ မြေစာရင်း အင်စပိတ်တော်သည်၊ မှန်ကန်ကြောင်းသက်သေခံလက်မှတ်ကို နေ့စွဲနှင့်တကွ ရေးထိုးရမည်။ ထိုသို့လက်မှတ်ရေးထိုးသည့် နေ့ရက်မှစ၍၊ ထိုအမည်ပြောင်းလဲခြင်းများသည် ခိုင်လုံရမည်။

## အပိုင်း ၂။

## ဝေငှသည့်လယ်ယာမြေများ။

*လျှောက်လွှာတင်ခြင်း၊ စုံစမ်းခြင်း၊ အမိန့်ချမှတ်ခြင်း။*

၁၄၀။ ။ နည်းဥပဒေ ၁၃၄၊ ၁၃၅ (၅) (၆)၊ ၁၃၆၊ ၁၃၇ နှင့် ၁၃၉ပါ ပြဋ္ဌာန်းချက်များသည်၊ အက်ဥပဒေ၏ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)၊အပိုဒ်(ခ)နှင့်(ဂ) တွင် သီးခြားဖော်ပြထားသော၊ အက်ဥပဒေအရ ဝေငှသည့် လယ်ယာမြေ အပေါ်တွင် ရရှိသည့် အခွင့်အရေးများကို ခံစားခွင့်ပြုရန် ကိစ္စနှင့် သက်ဆိုင်နိုင်သမျှ သက်ဆိုင်ရမည်။

၁၄၁။ ။ အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)၏ ခြွင်းချက်အရ ခန့်အပ်သောအာဏာပိုင်သည်၊ အက်ဥပဒေအရ ဝေငှသည့်လယ်ယာမြေများအပေါ်တွင် ရရှိနိုင်သည့်အခွင့်အရေးများနှင့် စပ်လျဉ်း၍၊ ဤနည်းဥပဒေများအရ ချမှတ်ထားသော အမိန့်များကိုလိုက်နာမှတ်သားစေရန်၊ ခရိုင်လယ်ဝန်ထံသို့ ပေးပို့ရမည်။

## အခန်း ၁၁။

## လယ်ယာမြေနှင့် စပ်လျဉ်းသည့်စည်းကမ်းများကို လိုက်နာရန် ပျက်ကွက်၍အရေးယူခြင်း။

## အပိုင်း ၁။

## ကင်းလွတ်ခွင့်ရသည့်လယ်ယာမြေများနှင့်ဝေငှသည့်လယ်ယာမြေများ။

*စစ်ဆေးကြည့်ရှုခြင်း။*

၁၄၂။ ။ လယ်ယာမြေကိုကင်းလွတ်ခွင့်ပေးပြီးသောအခါဖြစ်စေ၊ လယ်ယာမြေကို ဝေငှပြီးသောအခါဖြစ်စေ၊ မြေစာရင်းဌာန အမှုထမ်းအရာထမ်းများသည်၊ မိမိတို့၏အလုပ်ဝတ္တရားများ ဆောင်ရွက်ရာ၌၊ ကင်းလွတ်ခွင့်ပြုပြီးသော၊ သို့တည်းမဟုတ် ဝေငှပြီးသောလယ်ယာမြေကိုပိုင်ဆိုင်သူက၊ အက်ဥပဒေ၏ပုဒ်မ ၂၉၊ ၃၀၊ ၃၁ သို့တည်းမဟုတ် ပုဒ်မ ၃၂၌ဖော်ပြထားသည့်၊ အက်ဥပဒေ၏ပုဒ်မ ၁၁၊ သို့တည်းမဟုတ် ပုဒ်မ၁၂ ပါ စည်းကမ်းချက်တစ်ခုခုကိုလိုက်နာရန် ပျက်ကွက်ခြင်းရှိသည်၊ မရှိသည်ကို စစ်ဆေးကြည့်ရှုရမည်။

၁၄၃။ ။ မြေစာရင်းဌာန အမှုထမ်းအရာထမ်းများသည်၊ မိမိတို့အားတိုင်ကြားချက်အရဖြစ်စေ၊ မိမိတို့အလိုအလျောက်ဖြစ်စေ၊ နည်းဥပဒေ ၁၄၂ အရ စစ်ဆေးကြည့်ရှုချက်အရဖြစ်စေ၊ ထိုနည်းဥပဒေတွင် မဖော်ပြသည့် စည်းကမ်းချက်တစ်ခုခုလိုက်နာရန် ပျက်ကွက်ခြင်းကိုသိရှိလျှင်၊ ပုံစံ ၅၂ ဖြင့် သက်ဆိုင်ရာခရိုင်လယ်ဝန်ထံ အစီရင်ခံရမည်။

*အစီရင်ခံခြင်း။*

၁၄၄။ ။ ခရိုင်လယ်ဝန်သည် အဆိုပါအစီရင်ခံစာကို ရရှိသောအခါ၊ အမှုတွဲဖွင့်၍ စုံစမ်းစစ်ဆေးရမည်။

*အမှုတွဲဖွင့်၍အရေးယူခြင်း။*

၁၄၅။ ။ ခရိုင်လယ်ဝန်သည် နည်းဥပဒေ ၁၄၄ အရ စုံစမ်းစစ်ဆေးပြီးနောက်၊ စည်းကမ်းချက်လိုက်နာရန်ပျက်ကွက်မှုနှင့်သက်ဆိုင်သော လယ်ယာမြေကို ပြန်လည်သိမ်းယူရန် သင့်သည်၊ မသင့်သည်ကို၊ သို့တည်းမဟုတ် စည်းကမ်းချက်လိုက်နာရန်ပျက်ကွက်သူအပေါ်တွင် အခြားမည်ကဲ့သို့ အရေးယူသင့်သည်ကို ဖော်ပြထောက်ခံ၍၊ အစီရင်ခံစာကိုအမှုတွဲနှင့်တကွ အက်ဥပဒေ၏ပုဒ်မ ၂၉၊ ၃၀၊ ၃၁ သို့တည်းမဟုတ် ၃၂ အရ၊ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်ထံသို့ ပေးပို့ရမည်။

၁၄၆။ ။ ခရိုင်လယ်ဝန်ထံမှ အမှုတွဲကိုရရှိသောအခါ၊ စည်းကမ်းချက်ကိုလိုက်နာရန် ပျက်ကွက်သူအား ထုချေရှင်းလင်းခွင့်ပေး၍၊ သင့်တော်သည် ထင်မြင်သည့်အတိုင်း စုံစမ်းစစ်ဆေးပြီးနောက်၊ အဆိုပါအာဏာပိုင်သည် —

*ပြန်လည်သိမ်းယူခြင်း*

(က) အက်ဥပဒေ၏ပုဒ်မ ၂၉ တွင်၊ သို့တည်းမဟုတ် ပုဒ်မ ၃၁ တွင်၊ ဖော်ပြထားသည့်၊ အက်ဥပဒေပုဒ်မ ၁၁ သို့တည်းမဟုတ် ပုဒ်မ ၁၂ပါ စည်းကမ်းချက်တစ်ခုခုကိုလိုက်နာရန်ပျက်ကွက်ကြောင်းတွေ့ရှိလျှင်၊ အဆိုပါပုဒ်မ ၂၉တွင်၊ သို့တည်းမဟုတ်၊ ပုဒ်မ ၃၁ တွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

(ခ) အက်ဥပဒေ၏ ပုဒ်မ ၃၀ တွင်၊ သို့တည်းမဟုတ် ပုဒ်မ ၃၂ တွင် ဖော်ပြထားသည့်၊ အက်ဥပဒေ၏ပုဒ်မ ၁၁ သို့တည်းမဟုတ် ပုဒ်မ ၁၂ ပါ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိလျှင်၊ ထိုပျက်ကွက်ခြင်းသည်ပဌမအကြိမ်ပျက်ကွက်ခြင်းဖြစ်ပါက၊ စည်းကမ်းချက်လိုက်နာရန် ပျက်ကွက်သူအားသတိပေး၍၊ နောင်ထိုသို့ ထပ်မံမပျက်ကွက်စေရန် ထိုသူထံမှကတိခံဝန်ချက်စာကိုတောင်းယူရမည်။

ထိုပဋ္ဌမအကြိမ်ပျက်ကွက်သူသည်၊ အဆိုပါစည်းကမ်းချက်တစ်ခုခုကို လိုက်နာရန်ထပ်မံ ပျက်ကွက်လျှင် အဆိုပါအာဏာပိုင်သည်၊ အက်ဥပဒေ၏ပုဒ်မ ၃၀ တွင်၊ သို့တည်းမဟုတ် ပုဒ်မ ၃၂ တွင် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။ ထို့ပြင် အက်ဥပဒေ၏ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ)၊ သို့တည်းမဟုတ် အက်ဥပဒေ၏ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) ပါစည်းကမ်းချက်ကို လိုက်နာရန်ပျက်ကွက်သည့်အချက်တွင် ခွဲစိတ် ခြင်းမပြုမီက၊ သို့တည်းမဟုတ် လဲလှယ်ခြင်းမပြုမီက တည်ရှိသည့်အခြေအနေအတိုင်း သက်ဆိုင် ရာလယ်ယာမြေကို ထားရှိရမည်ဟုလည်း အမိန့်ချမှတ်ရမည်။

၁၄၇။ ။ အဆိုပါအာဏာပိုင်သည်၊ မိမိချမှတ်သည့်အမိန့်ကို၊ ခရိုင်လယ်ဝန်ထံသို့ လိုက်နာ မှတ်သားရန်ပေးပို့ရမည်။

၁၄၈။ ။ အဆိုပါအာဏာပိုင်သည်၊ နည်းဥပဒေ ၁၄၆ အရ၊ စည်းကမ်းချက်လိုက်နာရန် ပျက်ကွက်မှုနှင့်စပ်လျဉ်းသည့်လယ်ယာမြေကို၊ သိမ်းယူရန်အမိန့်ချမှတ်လျှင်၊ နည်းဥပဒေ ၇၅၊ ၇၆နှင့် ၇၇ ပါပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

## အပိုင်း ၂။

## အက်ဥပဒေ၏ ပုဒ်မ ၃၉ အရသတ်မှတ်သော နည်းလမ်းအတိုင်း အသုံးချရမည့် လယ်ယာမြေများ။

၁၄၉။ ။ နည်းဥပဒေ ၁၄၂၊ ၁၄၃၊ ၁၄၄နှင့် ၁၄၅ ပါပြဋ္ဌာန်းချက်များသည်၊ အက်ဥပဒေ ၏ပုဒ်မ ၃၉ အရ သတ်မှတ်သည့် နည်းလမ်းအတိုင်း လယ်ယာမြေကို အသုံးချသည်၊ မချသည်ကို စုံစမ်းစစ်ဆေးကြည့်ရှုခြင်းနှင့်လည်း သက်ဆိုင်စေ ရမည်။

*စစ်ဆေးခြင်း၊အစီရင်ခံခြင်း နှင့်အမှုတွဲဖွင့်၍ အရေးယူ ခြင်း။*

၁၅၀။ ။ နည်းဥပဒေ ၁၄၅ တွင်ဖော်ပြသော အာဏာပိုင်သည်၊ ခရိုင်လယ်ဝန်ထံမှ အမှုတွဲကိုရရှိသောအခါ၊ စည်းကမ်းချက်လိုက်နာရန် ပျက်ကွက်သူအား ထုချေရှင်းလင်းခွင့်ပေး၍ စုံစမ်းစစ်ဆေးပြီးလျှင်၊ စည်းကမ်းချက်လိုက်နာရန် ပျက်ကွက်ကြောင်းထင်ရှားပါက၊ ထောက်ခံချက် နှင့်တကွ အမှုတွဲကို၊ နိုင်ငံတော်သမ္မတက အက်ဥပဒေ၏ ပုဒ်မ ၃၉ အရခန့်အပ်သော အာဏာပိုင် ထံသို့ ပေးပို့ရမည်။

၁၅၁။ ။ (၁) အက်ဥပဒေ၏ပုဒ်မ ၃၉အရ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာ ပိုင်သည်၊ လယ်ယာမြေကို အဆိုပါပုဒ်မအရ သတ်မှတ်သည့်နည်းလမ်း အတိုင်းအသုံးချရန် ပျက်ကွက်ခြင်းကိုတွေ့ရှိလျှင် ပျက်ကွက်သူအား၊ အက်ဥပဒေ၏ပုဒ်မ ၄၈ ပါပြဋ္ဌာန်းချက်အတိုင်းအရေးယူနိုင်သည့်ပြင်၊ အဆိုပါလယ်ယာမြေနှင့်

*အမိန့်ချမှတ်ခြင်း။*

စပ်လျဉ်း၍ အက်ဥပဒေ၏ပုဒ်မ ၃၉အရ ဆင့်ဆိုချက်ကိုပယ်ဖျက်နိုင်သည်။

(၂) နည်းဥပဒေခွဲ (၁)အရ အရေးယူခြင်းနှင့် သက်ဆိုင်သည့်လယ်ယာမြေကို၊ အက်ဥပဒေ၏ပုဒ်မ ၅ အရ၊ နိုင်ငံတော်သမ္မတက ပြန်လည်သိမ်းယူရမည်။ အခန်း၄ပါနည်းဥပဒေများသည်၊ ထိုသို့ပြန်လည်သိမ်းယူသည့် လယ်ယာမြေများနှင့်သက်ဆိုင်စေရမည်။

## အခန်း ၁၂။
## လယ်ယာလုပ်ကိုင်နိုင်သောမြေရိုင်းများကို စီမံခန့်ခွဲခြင်း။

၁၅၂။ ။ ဤအခန်းပါကိစ္စများအလို့ငှာ —

*အဓိပ္ပါယ်ဖော်ပြချက်။*

(က) 'လယ်ယာလုပ်ကိုင်နိုင်သောမြေရိုင်း' ဆိုသည့် စကားရပ်တွင်အောက်ပါလယ်ယာမြေများပါဝင်သည်။

(၁) နိုင်ငံတော်ကအလိုရှိသည့်အတိုင်းသုံးစွဲနိုင်သောမြေရိုင်း။

(၂) နိုင်ငံတော်သမ္မတက အက်ဥပဒေ၏ပုဒ်မ ၅ အရပြန်လည်သိမ်းယူသော လယ်ယာမြေများအနက် အက်ဥပဒေ၏ ပုဒ်မ ၇ အရ ဝေငှပြီးနောက် ကျန်ရှိသည့်လယ်ယာမြေ။

(၃) မြေခွန်တော်မထမ်းဆောင်၍၊ အစိုးရက ပြန်လည်သိမ်းယူထားသည့် လယ်ယာမြေနှင့် ဝယ်ယူထားသည့်လယ်ယာမြေ၊

(၄) အက်ဥပဒေ၏ပုဒ်မ ၆ အရ ကင်းလွတ်ခွင့်ပြုပြီးမှ၊ ပြန်အပ်သည့်လယ်ယာမြေနှင့်

(၅) အက်ဥပဒေ၏ ပုဒ်မ၏ ၇ အရ ဝေငှပြီးမှ ပြန်အပ်သည့်လယ်ယာမြေများ။

(ခ) 'လယ်ယာစိုက်ပျိုးမှု' ဆိုသည်မှာ၊ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်စိုက်ပျိုးမှု၊ သို့တည်းမဟုတ် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်စိုက်ပျိုးမှုဖြင့် အသက်မွေးမှု ကိစ္စများနှင့်ဖြစ်စေ၊ ယင်းသို့စိုက်ပျိုးမှုနှင့် အသက်မွေးမှု၏အထောက်အပံ့ဖြစ်သော အမှုကိစ္စများနှင့်ဖြစ်စေ၊ စပ်လျဉ်းသည့်လယ်ယာစိုက်ပျိုးမှုကို ဆိုလိုသည်။

၁၅၃။ ။ နိုင်ငံတော်သမ္မတသည်၊ ဤနည်းဥပဒေများအရ၊ လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများကို စီမံခန့်ခွဲ ရန်အတွက် အမိန့်ကြော်ငြာစာဖြင့် အာဏာပိုင်များခန့်ထားနိုင်သည့်ပြင်၊ အဆိုပါ အာဏာပိုင်များ၏ အာဏာများကိုလည်း ထိုအမိန့်ကြော်ငြာစာတွင် သတ်မှတ်နိုင်သည်။

*အာဏာအပ်နှင်းခြင်း။*

၁၅၄။ ။ နိုင်ငံတော်သမ္မတသည်၊ သို့တည်းမဟုတ် နိုင်ငံတော်သမ္မတက နည်းဥပဒေ ၁၅၃ အရခန့်ထားသော အာဏာပိုင်သည်၊ နိုင်ငံတော်အတွက် လိုအပ်သည်ဟုထင်မြင်ယူဆလျှင်၊ မည်သည့်လယ်ယာလုပ်ကိုင်နိုင်သောမြေရှိုင်းကိုမဆို၊ သီးသန့်ထားရှိနိုင်သည်။

*သီးသန့်ထားနိုင်ခွင့်။*

၁၅၅။ ။ အောက်ပါအိမ်ထောင်သားစုသည်၊ သို့တည်းမဟုတ် အဖွဲ့အစည်းသည်၊ လယ်ယာ လုပ်ကိုင်နိုင်သောမြေရှိုင်းကို၊ လယ်ယာစိုက်ပျိုးမှုအတွက် အသုံးပြုခွင့်ရရန် သတ်မှတ်ထားသော ပုံစံဖြင့်လျှောက်ထားနိုင်သည်။

*လျှောက်လွှာတင်သွင်းခြင်း။*

(၁) အောက်ပါစည်းကမ်းချက်များနှင့် ညီညွတ်သည့် အိမ်ထောင်သားစု၊

(၂) အက်ဥပဒေ ပုဒ်မ ၁၃ အရ တည်ထောင်ဖွဲ့စည်းထားသည့် တောင်သူလယ်သမားအဖွဲ့အစည်းများ၊

(၃) အောက်ပါစည်းကမ်းချက်များနှင့် ညီညွတ်သည့် အိမ်ထောင်သားစု၏ အကြီးအကဲ ပါဝင်သော တောင်သူလယ်သမားမဟုတ်သည့် အိမ်ထောင်သားစု။

(က) ထိုသူသည်၊ အဆိုပါလယ်ယာမြေကို၊ အက်ဥပဒေ၏ပုဒ်မ ၃၊ အပိုဒ် (ဂ) တွင်ပြဋ္ဌာန်းထားသည့်နည်းလမ်း အတိုင်း သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လုပ်ကိုင်ပါမည်ဟု စာဖြင့်ရေးသား၍ ကတိပြုရမည်။

(ခ) ထိုအိမ်ထောင်သားစုတွင် ပါဝင်သူများသည်၊ လျှောက်ထားသည့် လယ်ယာမြေတည်ရှိရာ ကျေးရွာ၊ သို့တည်းမဟုတ် ရပ်ကွက်အတွင်းအမြဲနေထိုင်ရမည်။ ထို့ပြင်

(ဂ) ထိုသူသည်၊ ပြည်ထောင်စုနိုင်ငံသားဖြစ်ရမည်။

<u>ခြွင်းချက်။</u> ။ သို့ရာတွင် ဤနည်းဥပဒေများအရ ခန့်ထားသည့် အာဏာပိုင်က၊ အဆိုပါလယ်ယာမြေတည်ရှိရာ ကျေးရွာနယ်မြေပြင်ပ၌၊ ထိုအိမ်ထောင်သားစုအကြီးအကဲ အမြဲနေထိုင်ခြင်းသည်၊ အပိုဒ်ခွဲ (က)တွင် သီးခြားဖော်ပြသည့် စည်းကမ်းချက်ကို လိုက်နာရန် ပျက်ကွက်စေမည့် အကြောင်းမဟုတ်ဟု ယူဆလျှင်၊ အပိုဒ်ခွဲ (ခ) တွင် သီးခြားဖော်ပြသည့် စည်းကမ်းချက်ကို လျှော့ပေါ့နိုင်သည်။

(၄) အောက်ပါစည်းကမ်းချက်များနှင့်ညီညွတ်သော၊ တည်ဆဲတရားဥပဒေ အရ ဖွဲ့စည်းတည်ထောင်ထားသောကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်း။

(က) လျှောက်ထားသူသည်၊ လျှောက်ထားသည့်လယ်ယာမြေကို၊ အက်ဥပဒေ၏ပုဒ်မ ၃၊ အပိုဒ် (ဂ)တွင် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း သတ်မှတ်ထားသည့်အချိန်ကာလအတွင်း လုပ်ကိုင်ပါမည်ဟုစာဖြင့်ရေးသား၍ ကတိပြုရမည်။

(ခ) လျှောက်ထားသောကုမ္ပဏီ၏၊ သို့တည်းမဟုတ် အဖွဲ့အစည်း၏ အဖွဲ့ဝင်အားလုံးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားများဖြစ်ရမည်၊ သို့တည်းမဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ အရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်းဖြစ်ရမည်။

၁၅၆။ ။ ပြည်ထောင်စုနိုင်ငံသားတစ်ဦးဦးသည်၊ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံသားများသာပါဝင်သော အဖွဲ့အစည်းတစ်ခုခုသည်၊ သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၁၉အရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်းတစ်ခုခုသည်၊ လယ်ယာလုပ်ကိုင်နိုင်သောမြေရိုင်းကို၊ လယ်ယာစိုက်ပျိုးမှုမှအပ၊ နိုင်ငံတော်၏အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းတစ်ခုခုအတွက်ဖြစ်စေ၊ ကျေးရွာရပ်ကွက်တွင်နေထိုင်သူ အများသုံးစွဲရန်အတွက်ဖြစ်စေ၊ လျှောက်လွှာပုံစံ ၅၃ဖြင့် လျှောက်ထားနိုင်သည်။

၁၅၇။ ။ (၁) နည်းဥပဒေ ၁၅၅ အရ လယ်ယာစိုက်ပျိုးမှုအတွက် အသုံးပြုခွင့်ရရန် လျှောက် ထားလိုသူများသည်၊ ၎င်းတို့အလိုရှိသောလယ်ယာမြေများအတွက်၊ လျှောက်လွှာပုံစံ ၅၄ ဖြင့်၊ သို့တည်းမဟုတ် ပုံစံ ၅၅ ဖြင့် ခရိုင်လယ်ဝန်ထံသို့ လျှောက်ထားရမည်။

(၂) အဆိုပါ လျှောက်လွှာနှင့်အတူ လျှောက်ထားသော လယ်ယာမြေအတွက်၊ မှန်ကန်ကြောင်း သက်သေခံလက်မှတ်ထိုးထားသော မြေပုံနှစ်ခုကို ပူးတွဲ၍ တင်သွင်းရမည်။

**အမှုတွဲဖွင့်၍ စုံစမ်းစစ်ဆေးခြင်း**

၁၅၈။ ။ (၁) ခရိုင်လယ်ဝန်သည်၊ အဆိုပါလျှောက်လွှာကို၊ ရရှိသောအခါ၊ အမှုတွဲဖွင့်ပြီးလျှင်၊ အဆိုပါလျှောက်လွှာကို ကန့်ကွက်လိုသူများရှိက ကြေညာသည့်နေ့ရက်မှစ၍ ရက်ပေါင်းသုံးဆယ်အတွင်း ကန့်ကွက်နိုင်ကြောင်း ပုံစံ ၅၆ဖြင့် ကြေညာရမည်။

(၂) ကန့်ကွက်ရန်ကြေညာထားသည့် အချိန်အတွင်းတွင်၊ အဆိုပါ လယ်ယာမြေအတွက် အခြားလျှောက်လွှာများရရှိလျှင် ထိုလျှောက်လွှာများကို မူလလျှောက်လွှာနှင့်အတူ ပူးတွဲ၍ စုံစမ်းစစ်ဆေးရမည်။

၁၅၉။ ။ (၁) ခရိုင်လယ်ဝန်သည်၊ နည်းဥပဒေ ၁၅၈ တွင် သတ်မှတ်ထားသည့်ကာလ အပိုင်းအခြား ကုန်ဆုံးသောအခါ၊ အောက်ပါအချက်များနှင့် စပ်လျဉ်း၍ အသေးစိပ်စုံစမ်းစစ်ဆေး ရမည်။

(က) နည်းဥပဒေ ၁၅၅၊ အပိုဒ် (၁)၊ (၂)၊ (၃) သို့တည်းမဟုတ် (၄)ပါ စည်းကမ်းချက်များနှင့်ညီ၊ မညီ။

(ခ) လျှောက်ထားသည့်လယ်ယာမြေသည်၊ အမှန်လယ်ယာလုပ်ကိုင်နိုင်သည့် မြေရိုင်း ဟုတ်၊ မဟုတ်။ ဟုတ်မှန်လျှင်၊ ထိုမြေသည်၊ နိုင်ငံတော်က အလိုရှိသည့်အတိုင်း အသုံးပြုနိုင်သည့် မြေရိုင်း၊ အက်ဥပဒေ၏ ပုဒ်မ ၅အရ ပြန်လည်သိမ်းယူထားသည့် လယ်ယာမြေ၊ မြေခွန်တော်မထမ်းဆောင်၍ အစိုးရက ပြန်လည်သိမ်းယူထားသည့် လယ်ယာမြေနှင့် ဝယ်ယူထားသည့် လယ်ယာမြေ၊ အက်ဥပဒေ၏ပုဒ်မ ၆ အရ ကင်းလွတ်ခွင့်ပေးပြီးမှ ပြန်အပ်သည့် လယ်ယာမြေနှင့် အက်ဥပဒေ၏ပုဒ်မ ၇ အရ ဝေငှပြီးမှ ပြန်အပ်သည့် လယ်ယာမြေများ အနက် မည်သည့်လယ်ယာမြေအမျိုးအစားဖြစ်ကြောင်း။

(ဂ) လျှောက်ထားသူတောင်သူလယ်သမားအိမ်ထောင်သားစုသည်၊ ၎င်း၏ လက်ရှိလုပ်ကိုင်နေသော လယ်ယာမြေဧရိယာအပြင်၊ လျှောက်ထားသည့် လယ်ယာမြေကို လုပ်ကိုင်နိုင်သည့် အရည်အချင်း ရှိ၊ မရှိ။ လျှောက်ထားသည့် လယ်ယာမြေကို ခွင့်ပြုလျှင်၊ ကန့်သတ်ထားသော အတိုင်းအတာထက် ပို၊ မပို။

(ဃ) လျှောက်ထားသည့် လယ်ယာမြေပေါ်တွင် စိုက်ပျိုးလုပ်ကိုင်မည့် သီးနှံသည်၊ ကျေးရွာ၊ သို့တည်းမဟုတ် ရပ်ကွက်အတွက် စိုက်ပျိုးလုပ်ကိုင်ရန် ချမှတ်ထားသည့် စီမံကိန်းနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ။

(င) လျှောက်ထားသည့်လယ်ယာမြေကို လုပ်ကိုင်ခြင်းဖြင့် နိုင်ငံတော်အတွက်ဖြစ်စေ၊ တောင်သူလယ်သမားများအတွက်ဖြစ်စေ၊ အကျိုးဖြစ်ထွန်းခြင်း ရှိ၊ မရှိ။

(စ) လယ်ယာစိုက်ပျိုးမှုမှအပ၊ အခြားလုပ်ငန်းတစ်ခုခုအတွက် လျှောက်ထားခဲ့သော်၊ အပိုဒ် (က) နှင့် (ခ) တို့တွင် ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း စစ်ဆေး ရမည့်ပြင်၊ လျှောက်ထားသူက၊ လျှောက်ထားသည့်လယ်ယာမြေကို အသုံးပြု ခြင်းဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းခြင်းရှိ၊ မရှိ နှင့် လျှောက်ထားသူ၌ ထိုသို့ ဆောင်ရွက်ရန် အရည်အချင်း ရှိ၊ မရှိ။

(၂) ခရိုင်လယ်ဝန်သည်၊ မြေတစ်ကွက်အတွက်ဖြစ်စေ၊ မြေတစ်ကွက်၏ အစိတ်အပိုင်းအတွက်ဖြစ်စေ၊ တစ်ခုထက်ပိုသော လျှောက်လွှာများကို ရရှိလျှင်၊ လျှောက်ထားသူအသီးသီးနှင့်ပတ်သက်၍ နည်းဥပဒေခွဲ (၁)တွင် ဖော်ပြထားသော အချက်များကို ထောက်ထား၍ မည်သူအား လယ်ယာမြေ မည်မျှ လုပ်ကိုင်ခွင့်ပေးသင့်သည်ကို စုံစမ်းစစ်ဆေးရမည်။

၁၆၀ ။ ။ ခရိုင်လယ်ဝန်သည်၊ ယင်းသို့စစ်ဆေးပြီးနောက်၊ သင့်တော်သည်ထင်မြင်သည့်အတိုင်း ထောက်ခံချက်ရေးသားပြီးလျှင် အမှုတွဲကို၊ နည်းဥပဒေ ၁၅၃ အရ ခန့်ထားသည့် အာဏာပိုင်ထံသို့ ပေးပို့ရမည်။

*အမိန့်ချမှတ်ခြင်း။*

၁၆၁ ။ (၁) အဆိုပါအာဏာပိုင်သည်၊ နည်းဥပဒေ ၁၆၀အရ ပေးပို့သည့် အမှုတွဲကို ရရှိသောအခါ၊ အက်ဥပဒေနှင့် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုံစံ ၅၇ သို့တည်းမဟုတ် ပုံစံ ၅၈ ဖြင့် အမိန့်ချမှတ်ရမည်။ ထိုသို့ ခွင့်ပြုသည့်လယ်ယာမြေများအတွက် သီးခြားမှတ်ပုံတင်စာရင်းကို ပုံစံ ၅၉ ဖြင့် ထားရှိရမည်။

(၂) အဆိုပါ အာဏာပိုင်သည်၊ နည်းဥပဒေ ၁၅၅ (၄)တွင် ဖော်ပြသည့် ကုမ္ပဏီက၊ သို့တည်းမဟုတ် အဖွဲ့အစည်းကသော်လည်းကောင်း၊ နည်းဥပဒေ ၁၅၆ တွင် ဖော်ပြသည့် ပုဂ္ဂိုလ်က သို့တည်းမဟုတ် ကုမ္ပဏီက၊ သို့တည်းမဟုတ် အဖွဲ့အစည်းကသော်လည်းကောင်း လျှောက်ထားသည့် လျှောက်လွှာများကို ခွင့်ပြုလျှင်၊ အဆိုပါ လယ်ယာမြေကို အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ သတ်မှတ်ရမည်။

၁၆၂။ ။ အဆိုပါ အာဏာပိုင်သည်၊ ဤနည်းဥပဒေများအရ ချမှတ်ထားသောအမိန့်များကို၊ ခရိုင်လယ်ဝန်ထံ လိုက်နာမှတ်သားစေရန် ပေးပို့ရမည်။

*ရရှိမည့်အခွင့်အရေးများ။*

၁၆၃။ ။ နည်းဥပဒေ ၁၆၁အရ ခွင့်ပြုသောလယ်ယာမြေများမှအပ၊ ဤနည်းဥပဒေများနှင့်အညီ အသုံးပြုရန်ခွင့်ပြုထားသည့် အခြားလယ်ယာမြေများပေါ်တွင် အက်ဥပဒေ၏ပုဒ်မ ၁၀ တွင် ဖော်ပြသော ဝေဌသည့် လယ်ယာမြေနှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို ရရှိစေရမည်။

*လိုက်နာရမည့်စည်းကမ်းချက်များ။*

၁၆၄။ ။ နည်းဥပဒေ ၁၆၁ အရ ခွင့်ပြုသောလယ်ယာမြေများမှအပ၊ ဤနည်းဥပဒေများနှင့်အညီ အသုံးပြုရန် ခွင့်ပြုထားသည့် အခြားလယ်ယာမြေနှင့် စပ်လျဉ်း၍၊ အက်ဥပဒေ၏ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၁)တွင် ဖော်ပြသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

၁၆၅။ ။ နည်းဥပဒေ ၁၆၁ အရ၊ ဤနည်းဥပဒေများနှင့်အညီ အသုံးပြုရန် ခွင့်ပြုထားသည့် လယ်ယာမြေများနှင့် စပ်လျဉ်း၍၊ အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

(၁) ခွင့်ပြုထားသည့်လယ်ယာမြေကို၊ သတ်မှတ်ထားသည့် လုပ်ငန်းမှအပ၊ အခြား လုပ်ငန်းအတွက် အသုံးမပြုရ။

(၂) ခွင့်ပြုထားသည့် လယ်ယာမြေပေါ်တွင်၊ လုပ်ကိုင်သည့်လုပ်ငန်းကို သတ်မှတ်ထားသည့် အချိန်အတွင်း ပြီးစီးအောင်လုပ်ကိုင်ရမည်။

(၃) ခွင့်ပြုထားသည့် လယ်ယာမြေကို၊ နိုင်ငံတော်သမ္မတ၏၊ သို့တည်းမဟုတ် နိုင်ငံတော်သမ္မတက ခန့်ထားသည့် အာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း သို့တည်းမဟုတ် ခွဲစိတ်ခြင်းမပြုရ။

(၄) ခွင့်ပြုထားသည့် လယ်ယာမြေကို၊ လက်ရှိထားခွင့်ရထားသူသည်၊ အဆိုပါ လယ်ယာမြေနှင့် စပ်လျဉ်း၍နိုင်ငံတော်က စည်းကြပ်သောအခွန်အတုပ်များကို ပေးဆောင်ရမည်။

၁၆၆။ ။ သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ၊ လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများကို ကျူးကျော်ဝင်ရောက်လုပ်ကိုင်သူ မည်သူကိုမဆို၊ နည်းဥပဒေ ၁၅၃အရ ခန့်ထားသည့် အာဏာပိုင်က၊ အဆိုပါလယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများမှနှင် ထုတ်နိုင်သည်။

၁၆၇။ ။ ဤနည်းဥပဒေများ၏ အခန်း ၁၁ တွင် ပါရှိသောပြဋ္ဌာန်းချက်များသည်၊ နည်းဥပဒေ ၁၆၁ အရ ခွင့်ပြုသော လယ်ယာမြေနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းနှင့်လည်း သက်ဆိုင်စေရမည်။"

၈။ ။ အဆိုပါ နည်းဥပဒေများနှင့် ပူးတွဲထားသည့်ပုံစံများတွင် —

(က) ပုံစံ ၉ အစား၊ အောက်ပါကို၊ ပုံစံ ၉ အဖြစ် ထည့်သွင်းရမည်။

"ပုံစံ ၉
နည်းဥပဒေ ၄၅

## ________________ မြေယာကော်မတီ

________________ ကျေးရွာ/ မြို့ရှိ ________________ ရပ်ကွက်အတွက်၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၏ပုဒ်မ ၅ အရ၊ နိုင်ငံတော်က ပြန်လည် သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ပြုရန် လျှောက်လွှာမှတ်ပုံစာရင်း

| လျှောက်လွှာများ လက်ခံသူက ရေးသွင်းရန် | | | | | | မြေယာကော်မတီက ရေးသွင်းရန် | | | |
|---|---|---|---|---|---|---|---|---|---|
| | | လျှောက်ထားသူ | | | | | | | |
| အမှတ်စဉ် (၁) | ရရှိသည့် နေ့စွဲ (၂) | အမည် (၃) | လူမျိုး (၄) | အလုပ် အကိုင် (၅) | နေရပ် (၆) | မြေယာ ကော်မတီ ကရရှိသည့် နေ့စွဲ (၇) | ဆုံးဖြတ် သည့် နေ့စွဲ (၈) | ဆုံးဖြတ် ချက် (၉) | ကင်းလွတ် ခွင့်ပေးသည့် ဧရိယာ (၁၀) |
| | | | | | | | | | ဧကဒသမ ” |

(ခ) ပုံစံ ၂၄ (ခ) အစား၊ အောက်ပါကို၊ ပုံစံ ၂၄ (ခ)အဖြစ် ထည့်သွင်းရမည်။

"ပုံစံ ၂၄ (ခ)
နည်းဥပဒေ ၆၃

## လယ်ယာမြေရရှိမည့်တောင်သူလယ်သမားအဖွဲ့အစည်း၊ သို့တည်းမဟုတ် အိမ်ထောင်သားစုနှင့် ဝေငှနိုင်မည့် လယ်ယာ မြေစာရင်း

______ခရိုင်၊ ________ မြို့နယ်၊ _________ ကျေးရွာ/ရပ်ကွက်။

၁။ (က) တောင်သူလယ်သမား အဖွဲ့အစည်းအား၊ အက်ဥပဒေ၏ ပုဒ်မ ၇၊ ပုဒ်မခွဲ (၂) အရဝေငှခြင်း။

(ခ) တောင်သူလယ်သမားအိမ်ထောင်သားစုအား၊ အက်ဥပဒေ၏ ပုဒ်မ၇၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (က)အရ ဝေငှခြင်း။
(ဂ) တောင်သူလယ်သမားအိမ်ထောင်သားစုအား၊ အက်ဥပဒေ၏ပုဒ်မ ၇၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ)အရဝေငှခြင်း။
(ဃ) တောင်သူလယ်သမား အိမ်ထောင်သားစုအား၊ နည်းဥပဒေ ၆၀အရ၊ အစီအစဉ်ပြုလုပ်၍ ဝေငှခြင်း။

၂။ တတုံးထွန်ကို ______ ကေသတ်မှတ်၍ဝေငှခြင်း။

၃။ နည်းဥပဒေ ၅၉ အရ၊ ခွဲခြားသော တောင်သူလယ်သမား အမျိုးအစား ______

၄။ ဝေငှနိုင်မည့်လယ်ယာမြေ အတိုင်းအတာ ______ ဧက။

၅။ ကျေးရွာ၊ ပျမ်းမျှ တတုံးထွန် အတိုင်းအတာ ______ ဧက။

| အမှတ်စဉ်<br>(၁) | လယ်ယာမြေရမည့် တောင်သူလယ်သမား အဖွဲ့အစည်း (သို့တည်း မဟုတ်)တောင်သူ လယ်သမားအိမ်ထောင် သားစု၏အကြီးအကဲ အမည်<br>(၂) | ဝေငှရာတွင် ရရှိမည့်လယ် ယာမြေအတိုင်း အတာ<br>(၃) | မူလလက်ငုတ် လုပ်ကွက် အတိုင်းအတာ<br>(၄) | အကြောင်းအရာ<br>(၅) |
|---|---|---|---|---|
| | | | | |
| | ပေါင်း | | | |

ညွှန်ကြားချက်။ ၁။ ကျေးရွာတစ်ရွာအတွက် စာရင်းတစ်ခုစီပြုလုပ်ရမည်။
၂။ အချက် ၁တွင် မသက်ဆိုင်သောအချက်ကိုဖျက်ရမည်။
၃။ အချက် ၁ (ခ)၊ သို့တည်းမဟုတ် အချက် ၁(ဃ)အတွက် စာရင်းဖြစ်လျှင်၊ တတုံးထွန်သတ်မှတ်သည့်ဧကကို အချက် ၂တွင် ဖော်ပြရမည်။

၄။ နည်းဥပဒေ ၅၉ ပါဦးစားပေးအဆင့်အတန်းတစ်မျိုးစီအတွက် သီးခြားစာရင်းပြုလုပ်ရမည်။ ထို့ပြင်နည်းဥပဒေ ၅၉အရ၊ ပဋ္ဌမ ဦးစားမှတစ်ပါး၊ ကျန်ဦးစားများအတွက် တတုံးထွန်ဧရိယာကို တစ်မျိုးထက်ပိုမို၍ သတ်မှတ်လျှင်၊ ထိုတစ်မျိုးစီအတွက် သီးခြား စာရင်းပြုလုပ်ရမည်။

၅။ ဤစာရင်း၏အချက် ၄ တွင် ဖော်ပြပါ တောင်သူလယ်သမား အဖွဲ့အစည်း၊ သို့တည်းမဟုတ် အိမ်ထောင်သားစုအား ဝေငှနိုင်မည့် လယ်ယာမြေအတိုင်းအတာသည် ဇယားကွက် (၃) တွင် ဖော်ပြ သည့် စုစုပေါင်း အတိုင်းအတာနှင့်ကိုက်ညီရမည်။"

(ဂ) ပုံစံ ၃၃ အစား၊ အောက်ပါကို ပုံစံ ၃၃ အဖြစ်ထည့်သွင်းရမည်။

"ပုံစံ ၃၃

နည်းဥပဒေ ဂ၃

## လယ်ယာမြေကို သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုသောအမိန့်

__________ သည်၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ၏ ပုဒ်မ ၃၉ ဖြင့် အပ်နှင်းထားသည့် အာဏာများကိုသုံးစွဲလျက်၊ အောက်ပါဇယားတွင် ဖော်ပြသော လယ်ယာမြေကို၊ ဇယားကွက် (ဂ)၌ ဖော်ပြသည့် နည်းလမ်းအတိုင်း၊ အသုံးချရမည်ဟု __________ ခရိုင် __________ မြို့နယ် __________ ရပ်ကွက်/ကျေးရွာနေ __________ အား၊ ဆင့်ဆိုလိုက်သည်။

| ခရိုင် | မြို့နယ် | ကျေးရွာ/ ရပ်ကွက် | ကွင်း/အကွက် | | ဦးပိုင် | | အသုံးချရမည့်နည်းလမ်း | အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | | | အမှတ် | အမည် | အမှတ် | ဧက | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| | | | | | | | | |

မှတ်ချက်။ ။ (၁) ဤဇယားတွင် ဖော်ပြသော လယ်ယာမြေကို၊ မြေစာရင်းဌာနစာရင်းတွင် ________________ မြေအဖြစ် လွှဲပြောင်းရန်၊ ၁၉၅၄ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးနည်းဥပဒေ ၈၄ အရ ခွင့်ပြုသည်။

(၂) ဇယားအကွက် (၈)၌ ဖော်ပြသည့်နည်းလမ်းအတိုင်း လယ်ယာမြေကို အသုံးမချလျှင်၊ ဤအမိန့်ကို၊ အက်ဥပဒေ၏ ပုဒ်မ ၃၅အရ ပယ်ဖျက်မည့်ပြင်၊ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်သူသည်၊ အက်ဥပဒေ၏ ပုဒ်မ ၄၈အရ ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်။

(၃) အထက်ဖော်ပြပါ ဦးပိုင်အမှတ်နှင့် ဧရိယာများကို၊ ၁၉ ________ ။ ၁၉ ________ ခုနှစ်၊ နောက်ဆက်တွဲ မြေပုံနှင့် စာရင်းများမှ ကောက်နုတ်သုံးစွဲသည်။

နေ့စွဲ၊ ____________________________

အာဏာပိုင်။ ”

၉။ ။ အဆိုပါနည်းဥပဒေများနှင့် ပူးတွဲထားသည့် ပုံစံ ၅၁ နောက်တွင် အောက်ပါပုံစံ ၅၂၊ ပုံစံ ၅၃၊ ပုံစံ ၅၄၊ ပုံစံ ၅၅၊ ပုံစံ ၅၆၊ ပုံစံ ၅၇၊ ပုံစံ ၅၈ နှင့် ပုံစံ ၅၉ကို ထည့်သွင်းရမည်။

"ပုံစံ ၅၂
နည်းဥပဒေ ၁၄၃

# အစီရင်ခံစာ

ခရိုင် ______________________ မြို့နယ် ____________________

ကျေးရွာ/ရပ်ကွက်အမည် ________________________________________

ကွင်းအမှတ် ____________________ အမည် __________________

ဦးပိုင်အမှတ် __________________ ဧရိယာ ___________________

ပိုင်ဆိုင်သူအမည် ________________________

တွေ့ရှိသောစည်းကမ်းပျက်ကွက်ချက်များ ____________________________

________________________________________________________________

________________________________________________________________

________________________________________________________________

________________________________________________________________

________________________________________________________________

စာအမှတ်

မြေတိုင်းစာရေးလက်မှတ်။

နေ့စွဲ ၊ ________________ ________ အုပ်စုအမှတ် ______________။

စုံစမ်းစစ်ဆေးကြည့်ရာ အောက်ပါစည်းကမ်းပျက်ကွက်ချက်များ တွေ့ရှိရပါသည်။

________________________________________________

________________________________________________

________________________________________________

________________________________________________

________________________________________________

ခရိုင်လယ်ဝန်ထံ တစ်ဆင့်ပေးပို့ပါသည်။

စာအမှတ် လက်ထောက်လယ်ဝန် / အင်စပိတ်တော် လက်မှတ်။

နေ့စွဲ၊ ________________

ပုံစံ ၅၃

နည်းဥပဒေ ၁၅၆

# လယ်ယာလုပ်ကိုင်နိုင်သော မြေရှိုင်းများကို လယ်ယာစိုက်ပျိုးမှုမှအပ အခြားလုပ်ငန်းအတွက် လုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာ

သို့

ခရိုင်လယ်ဝန်၊

_________________ မြို့။

နေ့စွဲ၊ ၁၉ ______ ခုနှစ်၊ _____________လ၊ _____ရက်။

၁။ လျှောက်ထားသူအမည် ________________________________________

၂။ အသက် ________________________________________________

၃။ အလုပ်အကိုင် ___________________________________________

၄။ နေရပ် ________________________________________________

၅။ အဘအမည် ____________________________________________

၆။ လျှောက်ထားသည့် လယ်ယာလုပ်ကိုင်နိုင်သော မြေရှိုင်း၏ အကြောင်းအရာ _______

________________________________________________________

ခရိုင် ______________________________

| မြို့နယ် | ကျေးရွာ | ကွင်း | | ဦးပိုင် အမှတ် | မြေမျိုး အမည် | ဧရိယာ ဧက | အကြောင်း အရာ |
|---|---|---|---|---|---|---|---|
| | ရပ်ကွက် | အမှတ် | အမည် | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | | | | | | | |

အထက်ဖော်ပြရာပါ လယ်ယာမြေအတွက် မှန်ကန်ကြောင်း သက်သေခံလက်မှတ်ထိုးထားသည့် မြေပုံ နှစ်ပုံပူးတွဲ၍ ပေးပို့ပါသည်။

မှတ်ချက် ။ မြေစာရင်းဌာန၏ ကွင်းမြေပုံတွင် ဦးပိုင်အမှတ်မပေးရသေးသော မြေရှိင်းဖြစ်ပါက၊ ပုံကြမ်းနှစ်ခုသာ ပူးတွဲပေးပို့ရမည်။

၇။ မည်သည့်လုပ်ငန်းအတွက် ________________________________ ။

၈။ လျှောက်ထားသည့်လယ်ယာမြေကို ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်းသတ်မှတ်ထားသည့် အချိန်ကာလအတွင်း အသုံးပြုမည်ဟု ကတိပြုပါသည်။

၉။ အလိုရှိသောလယ်ယာမြေဧရိယာကို မြေကြီးပေါ်တွင် သတ်မှတ်ပြီးပါကြောင်း။

၁၀။ ကျွန်တော်သည်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပါသည်။

လျှောက်ထားသူလက်မှတ်။

"ပုံစံ ၅၄
နည်းဥပဒေ ၁၅၇

# လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများကို လယ်ယာစိုက်ပျိုးမှု အတွက် အသုံးပြုခွင့်ရရန် လျှောက်လွှာ

(တောင်သူလယ်သမား အိမ်ထောင်သားစုနှင့် တောင်သူလယ်သမားမဟုတ်သည့် အိမ်ထောင်သားစု အတွက်)

သို့

ခရိုင်လယ်ဝန်၊

_______________ မြို့။

နေ့စွဲ၊ ၁၉ _____ ခုနှစ်၊ ___________လ၊ _____ရက်။

၁။ လျှောက်ထားသူအမည် ____________________________

၂။ အသက် ____________________________

၃။ အလုပ်အကိုင် ____________________________

၄။ အမြဲနေထိုင်သည့်ကျေးရွာ/ရပ်ကွက် ____________________________

၅။ အဘအမည် ____________________________

၆။ အိမ်ထောင်သားစုတွင် ပါဝင်သူများ ____________________________

F:

| အမှတ်စဉ် (၁) | အမည် (၂) | အသက် (၃) | အလုပ်အကိုင် (၄) | လျှောက်ထားသူနှင့်မည်သို့ဆွေမျိုးတော်စပ်ကြောင်း (၅) |
|---|---|---|---|---|
| ၁ | | | | |
| ၂ | | | | |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

၇။ လျှောက်ထားသည့် လယ်ယာလုပ်ကိုင်နိုင်သော မြေရှိင်း၏ အကြောင်းအရာ

ခရိုင် ______________________

| မြို့နယ် | ကျေးရွာ | ကွင်း | | ဦးပိုင် အမှတ် | မြေမျိုး အမည် | ဧရိယာ | အကြောင်း အရာ |
|---|---|---|---|---|---|---|---|
| | ရပ်ကွက် | အမှတ် | အမည် | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | | | | | | | |

အထက်ဖော်ပြရာပါ လယ်ယာမြေအတွက်၊ မှန်ကန်ကြောင်းသက်သေခံလက်မှတ်ထိုးထားသည့် မြေပုံနှစ်ပုံ ပူးတွဲ၍ ပေးပို့ပါသည်။

မှတ်ချက် ။ ။ မြေစာရင်းဌာန၏ ကွင်းမြေပုံတွင် ဦးပိုင်အမှတ်မပေးရသေးသော မြေရှိင်း ဖြစ်ပါက၊ ပုံကြမ်းနှစ်ခုသာ ပူးတွဲပေးပို့ရမည်။

၈။ စိုက်ပျိုးလုပ်ကိုင်လိုသည့် သီးနှံ ______________________

၉။ လျှောက်ထားသည့် တောင်သူလယ်သမား အိမ်ထောင်သားစုပိုင်၊ အက်ဥပဒေ၏ပုဒ်မ ၆ (၁) အရ ကင်းလွတ်ခွင့် ရထားသည့်လယ်ယာမြေ၊ သို့တည်းမဟုတ် အက်ဥပဒေ၏ ပုဒ်မ ၇ (၁)အရ ဝေငှခြင်းခံရသည့် လယ်ယာမြေများစာရင်း။

| မြို့နယ် | ကျေးရွာ | ကွင်း | | ဦးပိုင် | ဧရိယာ | | ကင်းလွတ်ခွင့်ရသည့်မြေ |
|---|---|---|---|---|---|---|---|
| | ရပ်ကွက် | အမှတ် | အမည် | အမှတ် | ဧက | ဒသမ | ဝေငှခြင်းခံရသည့်မြေ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | | | | | | | |

၁၀။ ကျွန် တော်/မ ၌လည်းကောင်း၊ ကျွန် တော်/မ ၏ အိမ်ထောင်သားစု တစ်ဦးဦး၌လည်းကောင်း အပိုဒ် ၉ တွင် ဖော်ပြရာပါ လယ်ယာမြေများအပြင်၊ အခြားလယ်ယာမြေများမရှိကြောင်း ဝန်ခံပါသည်။

၁၁။ ကျွန် တော်/မ သည်၊ လျှောက်ထားသည့်လယ်ယာမြေကို၊ အက်ဥပဒေ၏ ပုဒ်မ ၃၊ အပိုဒ် (၈)တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း သတ်မှတ်ထားသည့်အချိန်ကာလ အတွင်း လုပ်ကိုင်ပါမည်ဟု ကတိပြုပါသည်။

၁၂။ ကျွန် တော်/မ သည်၊ ပြည်ထောင်စု နိုင်ငံသားဖြစ်ပါသည်။

လျှောက်ထားသူလက်မှတ်။

"ပုံစံ ၅၅

နည်းဥပဒေ ၁၅၇

# လယ်ယာလုပ်ကိုင်နိုင်သော မြေရှိင်းများကို၊ လယ်ယာစိုက်ပျိုးမှု အတွက် အသုံးပြုခွင့်ရရန် လျှောက်လွှာ

(တောင်သူလယ်သမားအဖွဲ့အစည်းများနှင့် ကုမ္ပဏီများအတွက်)

သို့

ခရိုင်လယ်ဝန်၊

________________ မြို့။"

နေ့စွဲ၊ ၁၉ ______ ခုနှစ်၊ ____________ လ၊ ______ ရက်။

၁။ အဖွဲ့အစည်း / ကုမ္ပဏီ အမည် ______________________________

၂။ တည်ရာဌာန ______________________________

၃။ မှတ်ပုံတင်အမှတ် ______________________________

၄။ မှတ်ပုံတင်နေ့စွဲ ______________________________

၄။ အသင်းသားဦးရေ ______________________________

၅။ လျှောက်ထားသည့် လယ်ယာလုပ်ကိုင်နိုင်သော မြေရှိင်း၏အကြောင်းအရာ __________

________________________________________

ခရိုင် __________________________

| မြို့နယ် | ကျေးရွာ | ကွင်း | | ဦးပိုင် | မြေအမျိုး | ဧရိယာ |
|---|---|---|---|---|---|---|
| | ရပ်ကွက် | အမှတ် | အမည် | အမှတ် | အမည် | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | | | | | | |

အထက်ဖော်ပြရာပါ လယ်ယာမြေအတွက် မှန်ကန်ကြောင်းသက်သေခံလက်မှတ် ရေးထိုးထားသည့် မြေပုံနှစ်ပုံပူးတွဲ၍ ပေးပို့ပါသည်။

မှတ်ချက် ။ ။ မြေစာရင်းဌာန၏ ကွင်းမြေပုံတွင် ဦးပိုင်အမှတ်မပေးရသေးသော မြေရှိင်းဖြစ်ပါက၊ ပုံကြမ်းနှစ်ခုသာ ပူးတွဲပေးရမည်။

၇။ စိုက်ပျိုးလုပ်ကိုင်လိုသည့်သီးနှံ ______________________

၈။ လျှောက်ထားသည့် တောင်သူလယ်သမားအဖွဲ့အစည်း / ကုမ္ပဏီ တွင် လက်ရှိထားရှိသည့် လယ်ယာမြေစာရင်း။

| မြို့နယ် | ကျေးရွာ ရပ်ကွက် အမည် | ကွင်း | | ဦးပိုင် အမှတ် | ဧရိယာ | | ကင်းလွတ်ခွင့် ရသည့်မြေ |
|---|---|---|---|---|---|---|---|
| | | အမှတ် | အမည် | | ဧက | ဒသမ | ဝေငှခြင်းခံရသည့် မြေ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | | | | | | | |

၉။ အဆိုပါ လယ်ယာမြေကို လျှောက်ထားလုပ်ကိုင်ရန်အတွက် အသင်း၏အစည်းအဝေး ဆုံးဖြတ်ချက်ကို ပူးတွဲတင်ပြပါသည်။

ဥက္ကဋ္ဌ။

ပုံစံ ၅၆
နည်းဥပဒေ ၁၅၈

# လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများချထားခြင်းကို ကန့်ကွက်လိုသူတို့က ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့်ကြော်ငြာစာ

________________ ခရိုင်၊ ________________ မြို့နယ်။

________________________ ကျေးရွာနေ၊ ရွာသူရွာသားတို့ သိရှိစေရန်၊

ကြေညာလိုက်သည်မှာ၊

ဦး/ဒေါ်/ ကုမ္ပဏီ ________________________________

________________________________________________ က

အောက်ပါနယ်နမိတ်အတွင်းတည်ရှိ၍၊ ________________ ကျေးရွာနယ်မြေ၊ ကွင်းအမှတ် ________________ အတွင်းကျရောက်သည့်ဧက ________ ခန့်ရှိ၊ ပူးတွဲပါမြေပုံတွင် ဖော်ပြလျက်ပါရှိသော လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းကို လုပ်ကိုင်ခွင့်ရရန် လျှောက်ထားသဖြင့်၊ အဆိုပါ လယ်ယာမြေကို လုပ်ကိုင်ရန် ခွင့်မပြုသင့်ကြောင်း ကန့်ကွက်လိုလျှင်၊ ၁၉ _____ ခုနှစ်၊ ________________ လ၊ ______ ရက်နေ့မတိုင်မီ၊ မည်သူမဆို လာရောက်ကန့်ကွက်နိုင်သည်။ ထိုနေ့ရက်ကျော်လွန်မှ တင်သွင်းသည့်ကန့်ကွက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း။ အကယ်၍ ထိုနေ့ရက်မတိုင်မီသော်လည်းကောင်း၊ ထိုနေ့ရက်၌သော်လည်းကောင်း၊ ကန့်ကွက်လွှာများမရလျှင်၊ လျှောက်ထားသည့်အတိုင်း၊ ဦး/ ဒေါ်/ ကုမ္ပဏီ ________ ________________ အား လုပ်ကိုင်ခွင့်ပေးလိမ့်မည်ဖြစ်ကြောင်း။

လျှောက်ထားသောလယ်ယာမြေကို၊ ________________________________ အတွက် အသုံးပြုရန်ဖြစ်သည်။

## လယ်ယာမြေ၏နယ်နိမိတ်

မြောက် ______________________

အရှေ့ ______________________

တောင် ______________________

အနောက် ______________________

နေ့စွဲ၊ ______________________ ခရိုင်လယ်ဝန်လက်မှတ်။

ပုံစံ ၅၇
နည်းဥပဒေ ၁၆၁

## လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများကို လယ်ယာစိုက်ပျိုးမှု အတွက် လုပ်ကိုင်ခွင့်ပြုသောအမိန့်စာ

ခရိုင်အမှုတွဲအမှတ် _______ ခုနှစ်၊ _____________ မှတ်ပုံတင်စာရင်းစာအုပ်တွင် ၁၉ / ၁၉ ခုနှစ်အမှတ်စဉ် _______ အဖြစ်ရေးသွင်းပြီး။

အောက်ပါဇယားတွင်ဖော်ပြသောဧက _____________ ခန့်ရှိ လယ်ယာလုပ်ကိုင်နိုင်သောမြေရိုင်းကို၊ ကျောဘက်တွင် ဖော်ပြထားသည့် စည်းကမ်းချက်များနှင့်အညီ ___________ ခရိုင်၊ ________________ မြို့နယ်၊ _____________ ကျေးရွာနေ ___________ ၏သား၊ _____________ အား လယ်ယာလုပ်ကိုင်ရန် ခွင့်ပြုလိုက်သည်။

_____________ ထိ၊ နှစ်ပေါင်း _____________ ခွင့်ပြုသည်။

လုပ်ကိုင်ရန်ခွင့်ပြုသည့် လယ်ယာလုပ်ကိုင်နိုင်သောမြေရိုင်း၏ အကြောင်းအရာ ______
______________________________________________

_____________ ခရိုင်၊ _____________ မြို့နယ်။

| အမှတ် | ကျေးရွာ အမည် | ကွင်း | | ဦးပိုင် အမှတ် | ဧရိယာ | | *နယ်နိမိတ် |
|---|---|---|---|---|---|---|---|
| | | အမှတ် | အမည် | | ဧက | ဒသမ | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | | | | | | | |

* သက်သေခံမြေပုံရှိလျှင် 'သက်သေခံမြေပုံအတိုင်း' ဟုရေးပါ။

<u>စည်းကမ်းချက်များ</u>

| | |
|---|---|
| ၁။ မည်သည့်သီးနှံစိုက်ပျိုးရန်အတွက် ခွင့်ပြုခြင်း။ | ------------------------------------ |
| | ပဌမနှစ် ------------------------------------ |
| ၂။ လုပ်ကိုင်ရန်ခွင့်ပြုသည့်လယ်ယာ လုပ်ကိုင်နိုင်သောမြေရှိုင်းဧရိယာအနက် တစ်နှစ်လျှင် မည်မျှစိုက်ပျိုးလုပ်ကိုင်ရမည်ဟု သတ်မှတ်ခြင်း။ | ဒုတိယနှစ် ------------------------------------ |
| | တတိယနှစ် ------------------------------------ |
| | စတုတ္ထနှစ် ------------------------------------ |
| | ပဉ္စမနှစ် ------------------------------------ |

၃။ ထိုသူသည်၊ အက်ဥပဒေ၏ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်များနှင့်မညီညွတ်လျှင်လည်းကောင်း၊ အက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့် မညီညွတ်လျှင်လည်းကောင်း၊ အဆိုပါလယ်ယာမြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ သို့တည်းမဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ။

၄။ ထိုသူသည်၊ အက်ဥပဒေ၏ ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင်လည်းကောင်း၊ အက်ဥပဒေအရပြုသည့်နည်းဥပဒေများနှင့် မညီညွတ်လျှင်လည်းကောင်း၊ အဆိုပါလယ်ယာမြေကို ခွဲစိတ်ခြင်း၊ သို့တည်းမဟုတ် လဲလှယ်ခြင်းမပြုရ။

၅။ ထိုသူသည်၊ အက်ဥပဒေ၏ပုဒ်မ ၃၊ အပိုဒ် (ဂ)တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း အဆိုပါလယ်ယာမြေကို လုပ်ကိုင်ရမည်။

၆။ ထိုသူပါဝင်သော အိမ်ထောင်သားစုသည်၊ တောင်သူလယ်သမားအိမ်ထောင်သားစုအဖြစ်မှ ရပ်စဲခြင်းမရှိစေရ။

၇။ ထိုသူသည်၊ အဆိုပါလယ်ယာမြေနှင့်စပ်လျဉ်း၍၊ နိုင်ငံတော်ကစည်းကြပ်သော အခွန်အတုတ်များကို ပေးဆောင်ရမည်။

၈။ ထိုသူသည်၊ အဆိုပါလယ်ယာမြေကို လုံလောက်သောအကြောင်းမရှိဘဲ၊ မြေလပ်အဖြစ်မထားရ။

၉။ ထိုသူသည်၊ အဆိုပါလယ်ယာမြေကို သီးစားချထားခြင်း၊ သို့တည်းမဟုတ် အငှားချထားခြင်း မပြုရ။

၁၀။ ထိုသူသည်၊ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အက်ဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့်အညီ၊ အခါအားလျော်စွာ တည်ထောင်ဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်းများတွင် ပါဝင်ရမည်။

ဘတ်ရှုနားလည်ပြီး၍ အထက်ပါစည်းကမ်းချက်များကို လိုက်နာပါမည်ဟု ခွင့်ပြုခြင်းခံရသူက အောက်တွင် ဝန်ခံလက်မှတ်ရေးထိုးပါသည်။

ခွင့်ပြုခြင်းခံရသူလက်မှတ် ____________________

အသိသက်သေ ________________________

**ခွင့်ပြုသူလက်မှတ်။**

ပုံစံ ၅၈

နည်းဥပဒေ ၁၆၁

## လယ်ယာလုပ်ကိုင်နိုင်သောမြေရိုင်းများကို၊ လယ်ယာစိုက်ပျိုးမှုမှအပ၊ အခြားလုပ်ငန်းတစ်ခုခုအတွက် အသုံးပြုရန်ခွင့်ပြုသော အမိန့်စာ

ခရိုင်အမှုတွဲအမှတ် ________ ခုနှစ်၊ ___________ မှတ်ပုံတင် စာရင်းစာအုပ်တွင် ၁၉ / ၁၉ ခုနှစ် အမှတ်စဉ် ________ အဖြစ် ရေးသွင်းပြီး။

အောက်ပါ ဇယားတွင်ဖော်ပြသောဧက ____________ ခန့်ရှိ လယ်ယာလုပ်ကိုင်နိုင်သောမြေရိုင်းကို၊ ကျောဘက်တွင် ဖော်ပြထားသည့်စည်းကမ်းချက်များနှင့်အညီ၊ __________ __________ ခရိုင်၊ ________________ မြို့နယ်၊ _______________ ကျေးရွာနေ၊ _________________ ၏သား _______________ အား _____________ ရန် ____________ မှ _______________ ထိ၊ နှစ်ပေါင်း ____________ (စာဖြင့်)၊ ခွင့်ပြုလိုက်သည်။

အသုံးပြုရန် ခွင့်ပြုသည့်လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်း၏ အကြောင်းအရာ ______ ______________________________________________________________

________________ ခရိုင်။ ________________ မြို့နယ်။

| ကျေးရွာ | | ကွင်း | | ဦးပိုင် | ဧရိယာ | | *နယ်နမိတ် |
|---|---|---|---|---|---|---|---|
| အမှတ် | အမည် | အမှတ် | အမည် | အမှတ် | ဧက | ဒဿမ | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | | | | | | | |

* သက်သေခံမြေပုံရှိလျှင် 'သက်သေခံမြေပုံအတိုင်း' ဟုရေးပါ။

**စည်းကမ်းချက်များ**

၁။ ခွင့်ပြုထားသည့် လယ်ယာမြေကို၊ သတ်မှတ်ထားသည့် လုပ်ငန်းများမှအပ၊ အခြားလုပ်ငန်း အတွက် အသုံးမပြုရ။

၂။ ခွင့်ပြုထားသည့် လယ်ယာမြေပေါ်တွင် လုပ်ကိုင်မည့်လုပ်ငန်းကို သတ်မှတ်ထားသည့် အချိန်အတွင်း ပြီးစီးအောင် လုပ်ကိုင်ရမည်။

၃။ ခွင့်ပြုထားသည့်လယ်ယာမြေကို၊ နိုင်ငံတော်သမ္မတ၏၊ သို့တည်းမဟုတ် နိုင်ငံတော်သမ္မတ က ခန့်ထားသည့် အာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ သို့တည်းမဟုတ် အခြားနည်းဖြင့်လွှဲပြောင်းခြင်း၊ ခွဲစိတ်ခြင်းမပြုရ။

၄။ ခွင့်ပြုထားသည့်လယ်ယာမြေကို လက်ရှိထားသူသည်၊ အဆိုပါလယ်ယာမြေနှင့်စပ်လျဉ်း၍ နိုင်ငံတော်က စည်းကြပ်သောအခွန်အတုတ်များကို ပေးဆောင်ရမည်။

ဘတ်ရှုနားလည်ပြီး၍ အထက်ပါစည်းကမ်းချက်များကို လိုက်နာပါမည်ဟု ခွင့်ပြုခြင်းခံရသူက အောက်တွင် ဝန်ခံလက်မှတ်ရေးထိုးပါသည်။

ခွင့်ပြုခြင်းခံရသူလက်မှတ် ____________________

အသိသက်သေလက်မှတ် ____________________

ခွင့်ပြုသူလက်မှတ်။

# လုပ်ကိုင်ခွင့်ပြုထားသည့် လယ်ယာလုပ်ကိုင်

ခရိုင် ______________________

| အမှတ်စဉ် | နေ့စွဲ | ခုနှစ်______ အမှုတွဲအမှတ် | လုပ်ကိုင်ခွင့်ရရှိသူ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | အမည် | အဘအမည် | နေရပ် | လယ်ယာလုပ်ကိုင်နိုင်သောမြေရိုင်း | | အက်ဥပဒေပုဒ်မ ၅ အရသိမ်းယူထားသည့်လယ်ယာမြေ | |
| | | | | | | ဧက | ဒဿမ | ဧက | ဒဿမ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| | | | | | | | | | |

ပုံစံ ၅၉

နည်းဥပဒေ ၁၆၁

# နိုင်သော မြေရှိုင်းများအတွက် မှတ်ပုံတင်စာရင်း

မြို့နယ် ______________________

| ခွင့်ပြုသည့်ဧရိယာ | | | | | | မည်သည့် သီးနှံစိုက်ပျိုးရန်အတွက် သို့တည်းမဟုတ် မည်သည့်လုပ်ငန်းအတွက် | လက်မှတ် နှင့်နေ့စွဲ | အကြောင်း အရာ |
|---|---|---|---|---|---|---|---|---|
| မြေခွန်တော်မထမ်းဆောင်၍ပြန်လည်သိမ်းယူထားသည့် (သို့တည်းမဟုတ်) စွန့်ယူထားသည့် လယ်ယာမြေ | | အက်ဥပဒေပုဒ်မ ၆ အရ ကင်းလွတ်ခွင့်ရပြီးမှ ပြန်အပ်သည့် လယ်ယာမြေ | | အက်ဥပဒေပုဒ်မ ၇ အရ ကင်းလွတ်ခွင့်ရပြီးမှ ပြန်အပ်သည့် လယ်ယာမြေ | | | | |
| ဧက | ဒသမ | ဧက | ဒသမ | ဧက | ဒသမ | | | |
| (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) | (၁၉) |
| | | | | | | | | |

# တရားရေးဝန်ကြီးဌာန
# အရပ်ရပ်ဌာနခွဲ

ရန်ကုန်မြို့၊ ၁၃၂၂ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်။
(၁၉၆၁ ခု၊ ဧပြီလ ၆ ရက်။)

အမှတ် ၁၉၂။ ။ နိုင်ငံတော်သမ္မတသည်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၃၇ (၁) အရ၊ တရားလွှတ်တော်နှင့်ညှိနှိုင်းတိုင်ပင်၍ ခရိုင်တရားမနှင့်စက်ရှင် တရားသူကြီးများလက်အောက်ခံဖြစ်သော တရားသူကြီးရာထူးများတွင် ဝင်ရောက်အမှုထမ်းရွက် လိုသောသူများပါဝင်သည့် ဝန်ထမ်းအဖွဲ့ရာထူးများအတွက် လိုအပ်သောအရည်အချင်းအဆင့်အတန်း သတ်မှတ်သည့်အောက်ပါနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

## ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားဌာနဝန်ထမ်းအဖွဲ့ နည်းဥပဒေများ *

၁။ ။ ဤနည်းဥပဒေများကို ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားဌာနဝန်ထမ်းအဖွဲ့နည်း ဥပဒေများဟု ခေါ်တွင်စေရမည်။

ဤနည်းဥပဒေများသည် ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အတည်ဖြစ်သည် ဟု မှတ်ယူရမည်။

ဤနည်းဥပဒေများသည် ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့စွဲဖြင့် တရားဌာနအထွေထွေ ဌာနခွဲ ပြန်တမ်းအမှတ် ၃၉၅ အရ ထုတ်ပြန်ခဲ့သည့်ကြေညာချက်ကိုလည်းကောင်း၊ ဤကိစ္စနှင့် စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် အခြားကြေညာချက်ကိုလည်းကောင်း ပယ်ဖျက်လိုက်သည်။

တရားဌာနဝန်ထမ်းအဖွဲ့များသို့ ဤနည်းဥပဒေများ မပြဋ္ဌာန်းမီက ခန့်ထားခဲ့ခြင်းများသည် ယခုနည်းဥပဒေများအရ ခန့်အပ်ခဲ့သည်ဟု ယူဆရမည်။

---

* *မြန်မာနိုင်ငံပြန်တမ်းအပိုင်း - ၁၊ ၁၉၆၁ ခုနှစ်၊ မေလ (၆) ရက်၊ စာမျက်နှာ - ၇၂၅။*

*(ဤနည်းဥပဒေသည် ၁၉၆၁ ခုနှစ်၊ ဧပြီလ (၆) ရက်နေ့တွင် ပြဋ္ဌာန်းသော်လည်း၊ ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားရေး ဌာနဝန်ထမ်းအဖွဲ့နည်းဥပဒေများဟု ခေါ်တွင်စေရမည်ဟု ပြဋ္ဌာန်းခဲ့ပြီး ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ မှစ၍ အာဏာတည်ကြောင်း ပြဋ္ဌာန်းခဲ့သဖြင့် ၁၉၅၆ ခုနှစ်၊ နည်းဥပဒေများစာရင်းတွင် ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။)*